သတင်းစာများပါ

# နိုင်ငံတော်လုပ်ကြံမှု နောက်ဆက်တွဲ သတင်းများ



**တင်နိုင်တိုး**

# စာရေးသူ၏ အမှာ

၂၂၊ စက်တင်ဘာလ၊ ၂၀၁၁ ထုတ် 7Days News ဂျာနယ်၊ Life ကဏ္ဍပါ ဆောင်းပါးရှင် ငြိမ်းငြိမ်းနိုင် ၏ "လီလီပန်းလေးများ ရဲ့ နောက်ကွယ်မှာ " ဆောင်းပါးကို ဖတ်ရှုဖြစ်ခဲ့ပါသည် ။ ဂျူနံဦးစောမိသားစု၏ ဘဝဖြတ်သန်းမှုကို ရေးသားထားခြင်း ဖြစ်ပါသည် ။ ဆောင်းပါးတွင် ဗိုလ်ချုပ်တို့ အား လုပ်ကြံခဲ့သည့် ဂျူနံဦးစော၏ မျိုးနွယ်ဆက်များ ဘဝကို ဖတ်ရှုမိသည့် အခါ စိတ်မကောင်းဖြစ်ရပါသည် ။ ဤနိုင်ငံတော်လုပ်ကြံမှုကြီးက အပြစ်မဲ့သော မျိုးနွယ်ဆက်များ အပေါ်ယနေ့ထက်တိုင် အရိပ်မည်းကြီးသဖွယ် ခြိမ်းခြောက်နေခဲ့ပုံကို ဆောင်းပါးတွင် ဖော်ပြထားသည် မှာ လည်း စိတ်မချမ်းမြေ့ဖွယ် ဖြစ်ပါသည် ။ ယင်းဆောင်းပါးကို ဖတ်ရှုဖြစ်ရာမှ အတိတ်ကို ပြန်လည်သတိရသွားမိသည် ။

ဤစာရေးသူ၏ မွေးဖွားရာဇာတိ အိုးသည် ကုန်းမြို့ကလေးတွင် ပဲပြုတ်ရောင်းသည့် ဒေါ်အုန်းဆိုသော အဘွားအိုတစ်ဦး ရှိခဲ့ဖူးသည် ။ အဘွားဒေါ်အုန်းသည် ပဲပြုတ်လုည့်လည် ရောင်းချရင်း အသက်မွေးရသူဖြစ်သည် ။ အဘွားဒေါ်အုန်း၏ သမီး ဒေါ်ညွန့်က စာရေးသူ၏ မိခင် ဒေါ်တင်တင်(ကွယ်လွန်)နှင့် ငယ်စဉ်ကကျောင်းနေဖက်ဖြစ်ခဲ့ဖူးသည် ။

အဘွားဒေါ်အုန်းကား အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံရာ

တွင် ပါဝင်ခဲ့သည့် တရားခံမှုကြီး၏ ဇနီးပင်ဖြစ်သည် ။ ဤစာရေးသူ ရှစ်တန်းကျောင်းသားဘဝက အဘွားဒေါ်အုန်းထံမှ ပဲပြုတ်ဝယ်ရင်း စပ်စပ်စုစု မေးမြန်းကြည့်ဖူးသည် ။ သမိုင်းဝါသနာပါသူ စာရေးသူအား အဘွားဒေါ်အုန်းက မကွယ်မဝှက် ပြောပြရှာပါသည် ။ ပဲပြုတ်သည် အဘွား၏ အဖြစ်က ရင်နာစရာကောင်းလှသည် ။

ခင်ပွန်းဖြစ်သူသည် အလုပ်ရှာရန်ဆိုကာ ရန်ကုန်သို့ တက်သွားသည် ။ နှစ်လခန့်အကြာတွင် အသိ တစ်ယောက်က ရန်ကုန်၌ လုပ်ကြံမှုကြီးဖြစ်ပြီး အားလုံးကို ဖမ်းထားပြီ။ မအုန်း အမြန်လိုက်ခဲ့ပါဆို၍ ရှိစုမဲ့စု ငွေစကလေးဖြင့် အိုးသည် ကုန်းဘူတာမှ စာပို့ရထားစီးကာ ရန်ကုန်သို့ လိုက်သွားရသည် ။ ဖြစ်ချင်တော့ နတ်မောက်မှ လာသော ပြည်မှ တစ်ဆင့် စာပို့ရထားစီးလာသည့် မိခင်ဒေါ်စုနှင့် ရထားတွဲတစ်တွဲတည်း ဖြစ်နေခဲ့သည် ။ ကြည့်မြင်တိုင်ဘူတာသို့ ရထားဆိုက်သည် အထိ အဘွားဒေါ်အုန်းမှာ စကားပင် ကျယ်ကျယ်မပြောဝံ့ခဲ့ပေ။ အဘွားဒေါ်အုန်းခမျာ မည်သူမည်ဝါဟု ပင် အသိမခံရဲလောက်အောင် ဖြစ်ခဲ့ရသည် ။ ဘုမသိဘမသိဖြင့် ဗိုလ်ချုပ်တို့ လုပ်ကြံမှုတွင် ပါဝင်ခဲ့သူ ကြိုးပေးခံခဲ့ရသော လူသတ်တရားခံတစ်ဦး၏ ဇနီး မုဆိုးမတစ်ဦးအဖြစ် လောကအလယ်တွင် လူမမယ်သားသမီး ကလေးများကို ပြုစုစောင့်ရှောက်ရင်း လောကအလယ်၌ ကျန်ရစ်ခဲ့သည် ။ ယခုတော့ အဘွားဒေါ်အုန်းလည်း ကွယ်လွန်သွားပြီဖြစ်သည် ။

တလောက ဖခင်ဖြစ်သူအား အာစရိယပူဇော်ပွဲသို့ လိုက်ပို့ရင်း အိုးသည် ကုန်းမြို့ကလေးသို့ ပြန်ရောက် ဖြစ်ခဲ့သည် ။ စာရေးသူ၏ ဖခင်သည် အိုးသည် ကုန်း အထက်တန်းကျောင်းတွင် ကျောင်းဆရာအဖြစ် အမှုထမ်းခဲ့ဖူးရာ တပည့်များက ကန်တော့ခံရန် ဖိတ်ကြားလာသဖြင့် ဖခင်အား လိုက်ပို့ရင်း ရောက်ဖြစ်ခဲ့ခြင်းဖြစ်သည် ။ အချိန်အတော်ကြာ ပြန်မ

ရောက်ဖြစ်ခဲ့သည့် ဇာတိမြို့ကလေးသို့ ပြန်ရောက်တော့ အားလုံး လှိုက် လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြသည် ။ ဖခင်၏ တပည့်ရင်းများ ထဲတွင် နိုင်ငံ တော်လုပ်ကြံမှုကြီး၌ ပါဝင်ခဲ့သော တရားခံများ ၏ တူ၊ တူမ၊ သား၊ မြေး များ ပါဝင်နေပြန်သည် ။

မိမိတို့ ၏ ဦးလေး၊ ဘကြီးများ ဗိုလ်ချုပ်တို့ လုပ်ကြံရာတွင် ပါဝင်ခဲ့ကြသဖြင့် ကျန်ရစ်သူ ဆွေမျိုးသားချင်းများမှာ မျက်နှာငယ်ကြရ သည် ။ လူဘုံအလယ်တွင် မျက်နှာမပြရဲလောက်အောင် ဖြစ်ခဲ့ကြရသည် ။ အာဇာနည်နေ့ ဟောပြောပွဲမျိုး ကျောင်းတွင် ကျင်းပသည့် အခါ လိပ်ပြာမလုံ ဖြစ်ခဲ့ကြရသည် ။ အားလုံးကလည်း ကောင်းစွာ နားလည် သဘောပေါက်ကြသည် ။ တကယ်တော့ ကျန်ရစ်သူ မျိုးဆက်များ သည် သူတို့ ဘိုးဘေးများ ၊ ဦးကြီး၊ ဘကြီးများ ကျူးလွန်ခဲ့ကြသည့် နိုင်ငံတော် လုပ်ကြံမှုကြီးနှင့် မည်သို့မျှ မပတ်သက်ကြပါပေ။

စာရေးသူ၏ ဖခင်သည် ယခုအသက် ၇၆နှစ်ရှိပြီဖြစ်ပြီး အိုးသည် ကု န်း အထက်တန်းကျောင်းတွင် အချိန်အတော်ကြာ တာဝန်ထမ်းဆောင်ခဲ့ ဖူးသည့် တိုင် အာဇာနည် ခေါင်းဆောင်ကြီးများ လုပ်ကြံရာတွင် ပါဝင်ခဲ့ သူများ နှင့် ဆွေမျိုးရင်းချာဖြစ်သော သူ၏ တပည့်များ အကြောင်း မည် သည့် အခါမျှ ပြောမပြဖူးခဲ့ချေ။ ထို့အတူ ကွယ်လွန်သူ မိခင်သည် လည်း သူနှင့် ကျောင်းနေဖက်ဖြစ်သူ လုပ်ကြံသူ တရားခံတစ်ဦး၏ သမီးအကြောင်းကို မည်သည့် အခါမျှ ပြောမပြခဲ့ဖူးပေ။ လူကြီးများက ဤမျှ စည်းစောင့်ကြသည် ။ စာရေးသူသာ ကြားဖူးနားဝရှိ၍ ပဲပြုတ်သ ည် အဘွားဒေါ်အုန်းကို မေးကြည့်သဖြင့် သိလာရခြင်းဖြစ်သည် ။ ဤသို့ မေးမြန်းကြည့်သည် ကို လူကြီးများ သိသွား၍ အဆူအငေါက် ခံခဲ့ရသေး သည် ။

ဤစာရေးသူတို့ မြို့ကလေးသည် နိုင်ငံတော်လုပ်ကြံမှုတွင် ပါဝင်ပတ်သက်ခဲ့သူ အချို့ကြောင့် နာမည်ပျက်ခဲ့ရသည် ။ တောမြို့ ကျဉ်းကျဉ်းကလေးထဲတွင် ယနေ့တိုင်လည်း နိုင်ငံတော်လုပ်ကြံမှုကြီးတွင် ပါဝင်ခဲ့သည့် လုပ်ကြံမှုတရားခံများ ၏ ဆွေမျိုးသားချင်းများ ရှိနေကြဆဲ ဖြစ်ပါသည် ။ သူတို့ သည် နှစ်ပေါင်းများ စွာ ညှိုးငယ်စွာ နေထိုင်ခဲ့ကြရသည် ။ သူတို့ မသိ၊ မမီလိုက်သည့် နိုင်ငံတော်လုပ်ကြံမှုကြီးက နှစ်ပေါင်းများ စွာ သူတို့ အပေါ် လွှမ်းမိုးနေခဲ့သည် ။

နိုင်ငံတော်လုပ်ကြံမှုနှင့် ပတ်သက်၍ စာအုပ်စာတမ်းအချို့ ပေါ်ထွက်ခဲ့ဖူးပါသည် ။ ထွက်သမျှ စာအုပ် စာတမ်းများမှာ လည်း ဇာတ် သုတဖြစ်ဖွယ် သမိုင်း အချက်အလက်များ ဖြင့် ပြည့်နှက်နေပါသည် ။ ယခု ဤစာအုပ်တွင် စာရေးသူက လုပ်ကြံမှုနောက်ဆက်တွဲ သတင်းစာမှတ်တမ်းများအား လက်လှမ်းမီသ၍ စုစည်း တင်ပြထားပါသည် ။

ဤစာအုပ်အတွက် ၁၉၄၇ ခုနှစ်ဝန်းကျင်တွင် ထုတ်ဝေသည့် သတင်းစာများကို ရှာဖွေဖတ်ရှုရာ၌ အခက်အခဲများ စွာ ကြုံတွေ့ရပါသည် ။ ခေတ်ဟောင်းသတင်းစာ အများ အပြားကို စုဆောင်း ထိန်းသိမ်းထားသော တက္ကသိုလ်များ ဇာတိုစာကြည့်တိုက်၌ပင် ထိုခေတ်ကာလ သတင်းစာများက မရှိသလောက် ဖြစ်နေပါသည် ။ ရှိသည့် သတင်းစာအချို့မှာ လည်း လှန်လှောဖတ်ရှု၍ မရလောက်အောင်ပင် တစ်စစီ ဖြစ်နေပါသည် ။ သို့တိုင်အောင် တာဝန်ကျစာကြည့်တိုက်ဝန်ထမ်းများက စိတ်ရှည်လက်ရှည်ဖြင့် ကူညီကြသဖြင့် ကျေးဇူးတင် ဝမ်းမြောက်ရပါသည် ။

နှစ်ကာလ ကြာမြင့်ပြီဖြစ်သဖြင့် သတင်းစာ စာရွက်များမှာ အထိပင် မခံတော့ပေ။ အချို့ ဖတ်ရှု၍ ရသလောက် စာမျက်နှာအချို့မှာ လည်း အ

ဆက်အစပ် ပြတ်နေသည် က များ ပါသည် ။ ယင်းအခက်အခဲများ အကြားမှ ထိုခေတ်ကာလ နိုင်ငံတော်လုပ်ကြံမှု နောက်ဆက်တွဲ သတင်း မှတ်တမ်းများကို ရှာဖွေကြည့်မိပါသည် ။ ထိုအခါ စိတ်ဝင်စားဖွယ်ကောင်းသော ယခင်က မသိသေးသည့် သမိုင်းအချက်အလက်သစ်များ ပေါ်ထွက်လာ ပါသည် ။

နိုင်ငံတော်လုပ်ကြံမှုကြီးအား သတင်းစာပါ သတင်းမှတ်တမ်းများ ဖြင့်သာ ရေးသား ဖော်ပြထားသော စာအုပ်တစ်အုပ် မြန်မာ့စာပေလောကတွင် ပေါ်ထွက်ခဲ့ဖူးပါသည် ။ ယင်းစာအုပ်မှာ ဦးမောင်မောင်ဦး (တာဝန်ခံ စာတည်း) ပန်တော်ဆက် အနုပညာမှတ်တမ်းစုံ စီစဥ်ပြုစုသည့် " သတင်းစာများက ပြောသော နိုင်ငံတော် လုပ်ကြံမှု" အမည်ရှိ စာအုပ်ဖြစ်ပါသည် ။ ယခု ဤစာရေးသူ၏ "သတင်းစာများ ပါ နိုင်ငံတော်လုပ်ကြံမှု နောက်ဆက်တွဲသတင်းများ " စာအုပ် ရေးသားပြုစုရာတွင် ဦးမောင်မောင်ဦး၏ စာအုပ်မှာ များ စွာ အထောက်အကူ ဖြစ်စေခဲ့သဖြင့် ကျေးဇူးအထူးတင်ရပါသည် ။

ဤစာအုပ်တွင် ခုံသမာဓိ ရုံးတော်မှ တရားခံများ ၊ သက်သေများအား အသေးစိတ် စစ်ဆေးမှု မှတ်တမ်းများကို ချန်လှပ်ထားရစ်ပါသည် ။ ယင်းမှတ်တမ်းအများ စုမှာ ယခုအခါ စာအုပ်စာတမ်းအများ စုတွင် ပါရှိပြီး ပုံနှိပ်ထုတ်ဝေထားပြီး ဖြစ်ပါသည် ။ သို့ဖြစ်၍ အချက်အလက်သစ်များကိုသာ ဦးစားပေး ရှာဖွေတင်ပြသွားမည် ဖြစ်ပါသည် ။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ပါဝင်ကူညီခဲ့ကြသည့် စာပေမိတ်ဆွေများ နှင့် တကွ တာဝန်ယူပုံနှိပ်ထုတ်ဝေပေးသူ တကောင်းစာပေတိုက်မှ ဦးနေမျိုးသူရတို့ အား အထူး ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည် ။

တင်နိုင်တိုး

***

# နိုင်ငံတော်လုပ်ကြံမှုကြီးနှင့် ပတ်သက်၍

နိုင်ငံတော်လုပ်ကြံမှုကြီးနှင့် ပတ်သက်၍ အထူးတလည် မိတ်ဆက်ပေးရန် လိုမည်မထင်ပါ။ လွန်ခဲ့သည့် ၆၅ နှစ်တာကာလ ၁၉၊ ဇူလိုင်၊ ၁၉၄၇ တွင် ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးများ မသမာသူတစ်စု၏ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ရသည် ။ ထိုနေ့ကို သိမီလိုက်သူအချို့ ယနေ့တိုင် သက်ရှိထင်ရှား ရှိနေကြဆဲဖြစ်ပါသည် ။

၁၉၊ ဇူလိုင်၊ ၁၉၄၇ နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် ရန်ကုန်မြို့၊ အတွင်းဝန်ရုံး၌ ဗိုလ်ချုပ် အောင်ဆန်းနှင့် တကွ အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံခဲ့ရသည် ။ တရားခံများကို နေ့ချင်း ဖမ်းဆီးရမိခဲ့သည် ။ ယင်းလုပ်ကြံမှုနှင့် ပတ်သက်၍ အင်းစိန်ထောင်အတွင်း ဖွင့်လှစ်ခဲ့သည့် အထူးခုံရုံးမှ ၈၊ အောက်တိုဘာ၊ ၁၉၄၇ တွင် အမှု စတင်စစ်ဆေးခဲ့သည် ။ ခုံသမာဓိ တရားသူကြီးများ အဖြစ် ဦးကျော်မြင့်၊ ဦးစီးမှူး ဦးအောင်သာကျော်တို့ က ဆောင်ရွက်ခဲ့ကြသည် ။

၁၉၊ ဇူလိုင်၊ ၁၉၄၇ နံနက်စောစော ရေမိုးချိုး၊ လက်ဖက်ရည် သောက်ကြပြီးနောက် မောင်စိုး၊ သက်နှင်း၊ စိန်ကြီးတို့ စစ်ယူနီဖောင်းဝတ်ကာ အေဒီလမ်းရှိ ဦးစော၏ နေအိမ်မှ ထွက်ခွာရန် ဟန်ပြင်ကြသည် ။ ပစ်ရန် တစ်ဦးလိုသေးသည် ဟု ဆို၍ ဦးစော၏ တူ ရန်ကြီးအောင်ကို လိုက်သွားရန်ပြောဆိုကာ စစ်ဝတ်စုံကို ဝတ်ဆင်စေခဲ့သည် ။ ထိုစဉ် ဘညွ

နှ့်၊ ခင်မောင်ရင်၊ မှူးကြီးနှင့် မောင်နီတို့ ကားဖြင့် မြို့ထဲ ထွက်သွားကြပြီဖြစ်သည် ။ ဘညွှန့်တို့ တာဝန်က အစည်းအဝေး ရှိမရှိ အတည်ပြုပေးရန်နှင့် သခင်နုကို လုပ်ကြံရန်ဖြစ်သည် ။

မကြာမီ ဘညွှန့်တို့ က ဝန်ကြီးများ အစည်းအဝေးဖြစ်ကြောင်း၊ သခင်နု လွှတ်တော်ရုံးတွင် မရှိကြောင်း များကို တယ်လီဖုန်းဖြင့် အကြောင်းပြန်ကြားခဲ့သည် ။ သို့ဖြင့် ဦးစောက ယာဉ်မောင်းသုခနှင့် အဖွဲ့အား ထွက်ခွာကြရန် ညွှန်ကြားလိုက်သည် ။

သုခမောင်းနှင်သော ကားတွင် မောင်စိုး၊ သက်နှင်း၊ စိန်ကြီးနှင့် ရန်ကြီးအောင်တို့ လိုက်ပါသွားကြသည် ။ ယင်းနောက် သုခက ကားပေါ်တွင် ကျန်ရစ်ခဲ့ကာ လုပ်ကြံမည့် အဖွဲ့ အတွင်းဝန်ရုံးပေါ်သို့ တက်သွားကြသည် ။

ထိုနေ့က အစည်းအဝေးတွင် အဓိက ဆွေးနွေးမည့် ပြဿနာမှာ လွန်ခဲ့သည့် ရက်အနည်းငယ်က လက်နက်ဂိုဒေါင်မှ ဘရင်းဂန်းများ ပျောက်ဆုံးသွားရာ ဦးစောအိမ်သို့ ရောက်နေသည့် ကိစ္စဖြစ်သည် ဆိုပါသည် ။ ပို့ဆောင်ရေး စီမံကိန်းကိစ္စ ဆွေးနွေးရန် ရှိသော်လည်း ဝန်ကြီးစောစံဘိုးသင်၏ အစိုးရသင်္ဘောက မအူပင် အနီးတွင် သောင်တင်နေသဖြင့် အစည်းအဝေးသို့ မလာရောက်နိုင်ခဲ့ပေ။

အမှတ် ၁၂ အင်္ဂလိပ်တပ်မတော် ယူနီဖောင်းဝတ် မောင်စိုးနှင့် သက်နှင်းတို့ ဦးဆောင်ကာ ဗိုလ်ချုပ်တို့ အစည်းအဝေးခန်းတွင်းသို့ ဦးတည် တက်ရောက်လာခဲ့ကြသည် ။ ယင်းနောက် အခန်းစောင့် မောင်သောင်းစိန်ကို တွန်းထိုးလှဲလိုက်ပြီး အခန်းတွင်းသို့ မောင်စိုးက ဦးဆောင်လျက် အတင်းဝင်ရောက်ကာ ဗိုလ်ချုပ်တို့ ကို ပစ်ခတ်တော့သည် ။

ဗိုလ်ချုပ်သည် တစ်စုံတစ်ရာပြောမည့် ဟန် ပြင်လိုက်စဉ် မောင်စိုး

က ဦးဆောင်ပစ်ခတ်ခဲ့သည် ။ ပြန်အထွက်တွင် ဝန်ကြီးဦးရာဇတ်၏ သက်တော်စောင့် ကိုထွေးနှင့် တွေ့၍ ပစ်သတ်ခဲ့သေးသည် ။ လုပ်ကြံသူများ လေ့ကားမှ အပြေးဆင်း လာပြီး ကားပေါ်တက်ကြသည် ။ သုခကို စက်နှိုးထားရန် ကြိုတင်မှာ ထားသော်လည်း ကားစက်က အားလုံး ကားပေါ်ရောက်ချိန်အထိ နှိုးမရခဲ့ပေ။ သို့ဖြင့် မောင်းနေကျ စိန်ကြီး စက်ဝင်နှိုးပေးမှ အဆင်ပြေသွားသည် ။ ဗဟန်းသို့အရောက်တွင် စိန်ကြီးမောင်းသည် မှာ နှေးသည် ဆိုကာ သုခ ကားဝင်မောင်းသည် ။

အေဒီလမ်း ဦးစောအိမ်သို့ ပြန်အရောက်တွင် ရုတ်တရက် ဦးစောကို မတွေ့ရဘဲ မကြာမီ ကန်စောင်းမှ တက်လာစဉ်တွင် "အောင်ပြီ၊ အောင်ပြီ"ဟု အော်ဟစ်နှုတ်ဆက်ကြရာ ဦးစောကလည်း ပြန်လည်နှုတ်ဆက်ခဲ့သည် ။ ယင်းနောက် ဦးစောက တပည့်များအား အရက်ဖြင့် ဧည့်ခံပါသည် ။ ညနေ ၃ နာရီအချိန်တွင် ဦးစောနှင့် အပေါင်းပါများအား သောင်းကျန်းမှု နှိမ်နင်းရေးတပ်က ဝန်းရံကာ ဖမ်းဆီးလိုက်ပါသည် ။ ဦးစော၏ ခြံဝင်း အတွင်းသို့ ဝင်ရောက်စဉ် မှူးကြီးက သေနတ်ဖြင့် ပစ်ခတ်ခုခံသဖြင့် ပြန်လည်တုံ့ပြန်ပစ်ခဲ့ရာ မှူးကြီး၏ လက်တွင် သေနတ် ထိမှန်သွားခဲ့သည် ။ ယင်းနောက် အားလုံးကို ဖမ်းဆီးလိုက်ပါသည် ။

ပထမနေ့ စတင်စစ်ဆေးစဉ်က ဦးစောအား ဘန်ကောက်လုံချည် အစိမ်းရောင်၊ ပိုးရှပ်အင်္ကျီအဖြူ၊ နေကာမျက်မှန် အစိမ်းရောင်တို့ ဖြင့် ဆင်မြန်းထားသည် ကို တွေ့ရပြီး ဓာတ်ပုံရိုက်စဉ် သတင်းထောက်များကိုပင် ပြုံးပြခဲ့သေးသည် ဆိုပါသည် ။ ထိုနေ့တွင် ဦးစောက အင်္ဂလန်မှ ရှေ့နေများ မလာသေးသဖြင့် ရက်ရွှေ့ပေးရန် လျှောက်ထားခဲ့သည် ။ သို့ဖြင့် ၁၅၊ အောက်တိုဘာ၊ ၁၉၄၇ သို့ ရက်ရွှေ့ပေးခဲ့သည် ။

၁၀၊ အောက်တိုဘာ၊ ၁၉၄၇ တွင် ချိန်းဆိုချက်အတိုင်း အမှုကို စတင်

စစ်ဆေးခဲ့သည် ။ အစိုးရရှေ့နေချုပ်က အမှုကို စတင်လျှောက်တင်သည် ။ ရန်ကုန်ပုလိပ်မင်းကြီး ဦးအောင်ချိန်က အခင်းဖြစ်ပွားသည့် နေ့က တရားခံများအား သတင်းအရ မည်သို့မည်ပုံ ဖမ်းဆီးရမိခဲ့ကြောင်းကို ရုံးတော်သို့ လျှောက်တင်ခဲ့သည် ။ ယင်းနောက် နောက်တစ်နေ့သို့ ချိန်းဆိုခဲ့သည် ။

အောက်တိုဘာ ၁၆၊ ၁၇ ရက်နေ့များ တွင် အမှုကို ဆက်လက်စစ်ဆေးရာ ဝန်ကြီး ဦးဘဂျမ်း၊ ဝန်ကြီး ဦးအောင်ဇံဝေ၊ ဗိုလ်ချုပ်အောင်ဆန်း၏ အပါးတော်မြဲ ဦးထွန်းလှတို့ ထွက်ဆိုခဲ့ကြသည် ။ အောက်တိုဘာလ ၁၈၊ ၁၉ ရက်နေ့များမှာ စနေ၊ တနင်္ဂနွေနေ့များ ဖြစ်ကြသဖြင့် ရုံးပိတ်ထားသည် ။ တနင်္ဂနွေနေ့တွင် ဦးစောကို အကျဉ်းထောင်အတွင်း၌ သက်သတ်လွတ်စား၍ ဘုရားအား ဆီမီးများ ထွန်းညှိ ပူဇော်နေသည် ကို တွေ့ရှိရကြောင်း ဆိုပါသည် ။

၁၉၊ အောက်တိုဘာ၊ ၁၉၄၇ တွင် တရားခံဘညွန့်က ဖြောင့်ချက်ပေးခဲ့ရာမှ အစိုးရသက်သေဖြစ်လာခဲ့သည် ။ ဘညွန့်ကို မေးမြန်းမည်ပြုစဉ် ဦးစောက သူ၏ ရှေ့နေ ဘိလပ်မှ မရောက်သေးသဖြင့် အရေးကြီးသော ဘညွန့်ကို မစစ်ဆေးသေးရန် ကန့်ကွက်သည် ။ သို့သော် ခုံသမာဓိအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မြင့်က ဘိလပ်မှ ဝတ်လုံကြီး လာလျှင်လည်း ထပ်မံ မေးခွန်းထုတ်နိုင်ပါကြောင်း ပြောကြားကာ ဘညွန့်ကို စစ်ဆေးခဲ့သည် ။ ဘညွန့်ကလည်း အသေးစိတ် အစစ်ခံကာ ဖြောင့်ချက်ပေးခဲ့သည် ။

တရားခံများ ဘက်မှ သက်သေ ၁၃၁ ဦးဖြင့် ကာကွယ်ခဲ့သော်လည်း တရားရုံးတော်က ၇၈ ဦးကိုသာ စစ်ဆေးခဲ့သည် ။ ၃၀၊ ဒီဇင်ဘာ၊ ၁၉၄၇ တွင် တရားခံများအား စီရင်ချက် ချမှတ်ခဲ့သည် ။ တရားခံများ တရားလွှတ်တော်သို့ အယူခံလွှာ တင်သွင်းနေကြစဉ်၌ပင် မြန်မာပြည် လွတ်လပ်

ရေးရရှိခဲ့သည် ။

ခုံသမာဓိရုံးတော် ဥက္ကဋ္ဌ ဦးကျော်မြင့်၏ ၈၄ မျက်နှာပါ စီရင်ချက်အရ တရားခံများ ဖြစ်ကြသော ဦးစော၊ သုခ၊ ခင်မောင်ရင်၊ မောင်နီ၊ မှုံကြီး၊ မောင်စိုး၊ သက်နှင်း၊ စိန်ကြီး၊ ရန်ကြီးအောင်တို့ အား ပြစ်မှုထင်ရှားသဖြင့် ရာဇသတ်ပုဒ်မ ၃၀၂(၁)၁၀၉ အရ ကြိုးဒဏ်ပေးကြောင်း စီရင်ချက် ချမှတ်ခဲ့၏။ ယင်းအမှု အတွက် တရားခံများ ဘက်မှ လိုက်ပါဆောင်ရွက်ခဲ့ကြသော ဝတ်လုံများမှာ မစ္စတာဟက်ဗောက်၊ မစ္စတာ ဒန်နီယာယ်၊ ဦးကြာခိုင်၊ ဦးစောလှဖြူတို့ ဖြစ်ကြသည် ။

နိုင်ငံတော်လုပ်ကြံမှုကြီးကို မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီကပင် စတင် စစ်ဆေးခဲ့သော်လည်း လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းတွင် မှ အမှုပြီးပြတ်ခဲ့သည် ။ ၆၊ မေ၊ ၁၉၄၈ တွင် နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်နှင့် တရားခံ သုခ၊ မောင်နီ၊ ခင်မောင်ရင်တို့ အား သေဒဏ်မှ တစ်သက်တစ်ကျွန်းသို့ ပြောင်းလဲပေးခဲ့ပြီး ၈၊ မေ၊ ၁၉၄၈ တွင် ဦးစော အပါအဝင် ကျန်တရားခံများအား ကြိုးပေးစီရင်ခဲ့သည် ။ တရားခံ ဘညွန့်ကိုမူ တရားရှင် လွှတ်ပေးခဲ့သည် ဆိုပါသည် ။

နိုင်ငံတော်လုပ်ကြံမှုကြီးက အနှစ်ခြောက်ဆယ်ကျော် ကြာမြင့်ခဲ့ပြီ ဖြစ်သော်လည်း အာဇာနည် ခေါင်းဆောင်ကြီးများအား ယနေ့တိုင် အမှတ်ရနေဆဲ ဖြစ်ပါသည် ။ မြန်မာ့လွတ်လပ်ရေးအတွက် အသက်စတေးသွားကြသူ အာဇာနည်ကြီးများအား လွမ်းဆွတ်တသ နေကြရသည် ။ သို့ဖြစ်၍ သမိုင်းမှတ်တမ်းများ ဖြစ်သော ထိုခေတ်ကာ သတင်းစာအချို့မှ သတင်းများကို စုစည်းကာ ဤစာအုပ်ကို ရေးသားပြုစုဖြစ်ပါသည် ။

***